၁၉၁၈ခုနှစ်တုန်းက၊ ကြောက်မက်ဖွယ်ရောဂါတခု ကမ္ဘာတခုလုံးပြောင်းဆန်အောင်မွှေနှောက် သွားခဲ့ပါတယ်။ ခေတ်သစ်သမိုင်းမှာ အသေအပျောက်အများဆုံး ရောဂါပါဘဲ။ ရောဂါအမည်က တုပ်ကွေးပါ၊ ဒါပေမယ့် ပေါ့သေးသေးတုပ်ကွေးမျိုးတော့ မဟုတ်ဘူး ...

ပေါ့သေးသေးတုပ်ကွေး မဟုတ်ပါ

ဤစာစောင်တွင် အခြားဖတ်စရာ–
မျက်မှောက် ကမ္ဘာ့တုပ်ကွေးအန္တရယ်
သင်ဘယ်လို ကာကွယ်နိုင်သလဲ

NO ORDINARY FLU



၁၉၁၈ခုနှစ် ဆောင်းကူးကာလတုန်းကပေါ့၊ ပထမကမ္ဘာစစ်က ပြီးတော့မယ့်ဆဲဆဲ ...
Welcome HOME!
တို့မိသားစုလည်း အစစအဆင်ပြေလာနေပြီ။
မာရီယာရေ၊ အိမ်ပြန်လာရတာ ကောင်းတယ်ကွာ၊ စတိုးဆိုင်မှာ အမေနဲ့အဖေကို ကူလုပ်ပေးရမယ်ဆိုလည်း ရပါတယ်။
အာတူရို ကို လူတိုင်း ချစ်ခင်ကြတယ်။
ဟေ့ရဲဘော်ကြီး၊ ပြန်လာတာ ဝမ်းသာတယ်ကွာ!
ကျေးဇူးဘဲ၊ မက်စ်!
မကြာခင် သူတို့မိသားစုဘဝအခြေအနေဟာ အတော်ကြီး ပြောင်းလဲသွားပါတယ်။
ဖီလာဒဲလ်ဖီးယားမြို့မှာ တုပ်ကွေးမိပြီး လူတွေသေဆုံးနေကြတယ်လို့ အန်တီအီဗာက ပြောတယ်။
The News
အရှေ့ဦဘက်ကမ်းဒေသတွင် သေမင်းတုပ်ကွေးဝင်ခြင်း

တပတ်နှစ်ပတ်လောက်အ ကြာမှာ တို့ဆီကို တုပ်ကွေး ရောဂါရောက်လာပါလေ ရော၊ မင်းအဖွားက အရင် ဆုံးတုပ်ကွေးမိပြီး ဖျား တဲ့သူပေါ့။
သူကယောင်ကတမ်းတွေပြောနေတယ်။ သူ့ကိုငါပြုစုလိုက်ဦးမယ်။ အာတူရိုရေ၊ စတိုးဆိုင်မှာ ငါ့ကိုယ်စား မင်းဝင်ကူပေးပါ။
သူတို့ရဲ့ကမ္ဘာလေးဟာ ညတွင်းခြင်းမှာဘဲ ပြောင်းလဲသွားခဲ့ပါတယ်။
LINCOLN THEATER
The FATAL RING PEARL WHITE
CLOSED BY ORDER OF HEALTH DEPARTMENT
INFLUENZA
ဒီနေ့ပစ္စည်းမပို့ဘူး။ မက်စ် ဖျားနေတယ်။
SPECIAL
BUY U.S BONDS
သူ့အမေလည်းဖျားရော၊ အာတူရိုက အမေကိုရော အဖွားမာရီယာကို ပါ ပြုစုရတယ်။
အာတူရို၊ တို့မှာ သူနာပြုတွေ နောက်ထပ်မရှိတော့ဘူး။ ဆရာဝန်တွေ၊ သူနာပြုတွေ အတော်များများဖျားနေကြတယ်၊ ဖျားနေတဲ့သူတွေလည်း မရေနိုင်အောင် ပါဘဲ။
စတိုးဆိုင်မှာလည်း အခြေအနေမကောင်းပါဘူး။
ဆောရီးဘဲ အမကြီးရေ၊ ကျနော်တို့ဆီကို ကုန်အဝင်မရှိတော့ဘူး။

တမြို့လုံး တုပ်ကွေးဒ ဏ်ခံစားနေကြရပြီ။
GOING OUT OF BUSINESS
ဝန်ဆောင်မှုအား လုံးဖျက်သိမ်းထား သည်
ကံအားလျော်စွာ၊ ဂျာရီယာနဲ့သူ့အမေဟာ တပတ်နှစ်ပတ်အတွင်း နလံထူလာကြတယ်။
မိသားစုကတော့ တုပ်ကွေးအန္တရယ်က မလွတ်သေးဘူး။
ရုတ်တရက်ဆိုသလို အာတူရို အပြင်းထျား ပါတော့တယ်။
အဟွတ် အဟွတ်!
DAILY NEWS
အဟွတ်! အဟွတ်! အဟွတ်!

အခြားလူငယ်အများအပြားလိုဘဲ၊ အာတူရိုလည်း ရုတ်ချည်း
အပြင်းဖျားပါတယ်။
သူဆုံးသွားရှာတယ်
နောက်တနေ့မှာပါဘဲ
အားလုံး ယူကျုံးမရ ဖြစ်ကြရတယ်။
ဆောရီးဘဲ အမကြီးရေ၊ ကျနော်တို့မှာ
အခေါင်းတွေပြတ်သွားပါပြီ။
စျာပနအခန်းအနားဖြစ်ဖြစ်၊ ဘယ်လို
အခန်းအနားဖြစ်ဖြစ် လုပ်လို့မရဘူး၊ လူတွေ စုဝေးရင်
တုပ်ကွေးကူးမှာစိုးရတယ်
မာရီယာကတော့ အခံစားရဆုံးသူဘဲပေါ့။
လူတော်တော်များများသေကြရတယ်။ ကူးစက်တုပ်ကွေးကြောင့် ကမ္ဘာတဝန်း လူပေါင်း
သန်း ၅၀၊ အမေရိကန် ပြည်ထောင်စုမှာ ၆၇၅,၀၀၀ အသက်ဆုံးကြတယ်။ ဆုံးရှုံးမှု
အရေအတွက်ကကြီးမားတယ်၊
အများစုကတော့
အသက်ရှင်ကျန်ရစ်ပါတယ်။
"မင်းအဖွား—မာရီယာ
—လည်းမသေမပျောက်
ကျန်ခဲ့သူတယောက်ပေါ"


"တို့တွေအားလုံးဟာ ၁၉၁၈ ကမ္ဘာ့ကူးစက် တုပ်ကွေးဖြစ်တုန်းက ကျန်ခဲ့သူတွေကနေ မွေးဖွားလာကြသူတွေပါ"
ပျောက်မသွားတာကတော့ ကမ္ဘာ့ကူးစက် တုပ်ကွေး အန္တရယ်ပါဘဲ။
အတန်ကြာသော်–
"...ကျန်းမာရေးကျွမ်းကျင်သူများက တုပ်ကွေးဗိုင်းရပ်ပိုး အသစ် တကမ္ဘာလုံး ကူးစက်မည်ကို စိုးရိမ်ပူပန်နေကြသည်..."
ကြားလား အမေ!
FLU
ကမ္ဘာ့ကူးစက်တုပ်ကွေးဆိုတာ ဆောင်းတွင်းမှာ ဖြစ်လေ့ရှိတဲ့ တုပ်ကွေးနဲ့မတူပါဘူး
FLU
လူ့ခန္ဓာကိုယ် တခါမှမကြုံဘူးသေးတဲ့ ဗိုင်းရပ်စ်ပိုး အသစ်တမျိုးကနေ ဖြစ်စေပါတယ်။
FLU


ကျွန်ုပ်တို့ ခန္ဓာကိုယ်ဟာ ဗိုင်းရပ်စ်ပိုးသစ်ကို
ခက်ခက်ခဲခဲ တိုက်ခိုက်ရပါလိမ့်မယ်။
ဒါကတော့
အဆပေါင်းထောင်ချီချဲ့ထားတဲ့
တုပ်ကွေးဗိုင်းရပ်စ်ပိုးရဲ့ပုံပါဘဲ။
ဆောင်းတွင်းမှာဖြစ်တဲ့ တုပ်ကွေးအတွက် ကာကွယ်ဆေးရှိပေမယ့်၊ ကမ္ဘာ
ကူးစက်တုပ်ကွေး ကာကွယ်ဆေးတော့ လောလောဆယ် မရှိသေး ပါဘူး။
ကမ္ဘာ့ကူးစက်တုပ်ကွေးဗိုင်းရပ်စ် လူတဦးကတဦး အလျင်အမြန်ကူးစက်လေ့ရှိပါတယ်။
၁၉၁၈
ယခု
GATE A11
GATE A12
ကမ္ဘာ့ကူးစက်တုပ်ကွေးဟာ ကမ္ဘာ့နေရာအနှံ့ ကူးစက်ပြန့်ပွားပါလိမ့်မယ်။
ကူးစက်ရာ အရပ်တိုင်းမှာ လူနေမှုဘဝတွေ ပြောင်းလဲ သွားပါလိမ့်မယ်။
ကူးစက်နှုန်းနှေးသွားအောင်၊ ကျောင်းတွေ၊ နေ့ကလေးထိန်းဌာနတွေ
ပိတ်ထားကောင်း ပိတ်ထားကြရပါလိမ့်မယ်။

လူအတော်များများ အလုပ်မလုပ်နိုင် ဖြစ်သွားပါလိမ့်မယ်။
CLOSED
CLOSED
CLOSED
CLOSED
အများပြည်သူအတွက် အခမ်းအနား ပွဲလမ်း တွေကိုလည်း ဖျက်သိမ်းရပါလိမ့်မယ်။
ဆေးကုသမှုခံယူဖို့ အခက်အခဲ ရှိကောင်း ရှိနိုင်ပါတယ်။
EMERGENCY
ဒေါက်တာဗင်လည်း ဖျားနေ တယ်။ လူနာတွေကို အလျဉ်မီအောင်ဘယ်လိုကုပေးရ ပါ့မလဲ။
တုပ်ကွေးဖြစ်သူအများစုကို နေအိမ်မှာဘဲ ကုသပေးလို့ရပါတယ်။
TEEN MAG
၁၉၁၈စုနှစ်တုန်းကလောက် ဆိုးချင်မှဆိုးမှာပါ။ ၁၉၅၇စု နဲ့ ၁၉၆၈စုနှစ်တွေတုန်းကလည်း ကူးစက်တုပ်ကွေးတွေ ဖြစ်ခဲ့ဘူးပါတယ်၊ ၁၉၁၈စုတုန်းကလောက် မပြင်းထန်ပါဘူး။
1957
1968
အဲဒီလောက်မပြင်းထန်ပေမယ့်၊ ကြိုတင်ကာ ကွယ်ဖို့တော့လိုမယ်နော်။

အိမ်ကနေ အနဲဆုံးတပတ်လောက်မထွက်ဘဲ နေနိုင်အောင် အသင့်ပြင်ထားရမယ်။*.
RICE
RICE
RICE
PASTA
PASTA
SOUP
SOUP
SOUP
SOUP
BEANS
BEANS
BEANS
BEANS
24 ROLLS
CAT FOOD
WATER
WATER
* ကူးစက်မှုကြီးတခုသည် သီတင်းပတ်များ မှသည် လနှင့်ချီပြီးကြာတတ်သဖြင့်၊ အနဲဆုံး တပတ်အိမ်တွင်နေရန်လိုမည်ဖြစ်သည်။
ကျန်းမာရေးနဲ့ဆေးဝါးအသုံးအဆောင်များ သိုမှီးထားပါ။
SOAP
SOAP
HAND SANITIZER
COUGH SYRUP
IBUPROFEN
ကျောင်းပိတ်ပါက ကလေးများအား ထိန်းမည့်သူကို စဉ်းစားဆုံးဖြတ်ထားပါ။
ဖြစ်နိုင်ပါက၊ အလုပ်ကို အိမ်တွင်လုပ်နိုင်ရန် စီစဉ်ထားပါ။
ကူးစက်ရောဂါကျရောက်လာလျှင် အိမ်နီးချင်းများကိုကူညီရန် အင့်ပြင်ထားပါ။
FOOD
တုပ်ကွေးပိုးမွှားမပြန့်ပွားအောင်တားမြစ်ပါ။ ချောင်းဆိုးလျှင်၊ နှာချေလျှင် ပိုးများပြန့်ပွား တတ်ပါသည်။
AH AH AH CHOO!

ပိုးမွှားကပ်ငြိနေသော လက်များမှတဆင ...
အပ္ပွတ်
...ထိတွေ့သောအရာဝတ္ထုများသို့
ပိုးများပြန့်ပွားသွားတတ်ပါသည်။
ထိုအရာဝတ္ထုများပေါ်တွင်
ပိုးမွှားများရက်
အတန်ကြာအသက်ရှင်နေနိုင်ပါသည်။
လက်ကိုမကြာခဏဆေးကျောပေးခြင်းသည်
အကောင်းဆုံးကာကွယ်နည်းဖြစ်ပါသည်။
SOAP
ဆပ်ပြာနှင့်ရေ အသင့်မရှိလျှင် လက်သန့်ဆေး
ရည်နှင့်ဆေးပါ။
HAND SANITIZER
60% ALCOHOL
လက်ဖြင့်အုပ်ပြီး ချောင်းဆိုး၊ နှာချေခြင်းဖြင့် တုပ်ခေ
ကွေးပိုးကူးစက်ပြန့်ပွားမှုကိုတားဆီးပါ။
A-A-
CHOO!
A-CHOO!
A-CHOO!
ကူးစက်တုပ်ကွေးအကြောင်းတစ့ေတစောင်း
သိရှိရန် ဤဝက်ဘ်ဆိုက်တွင်ဖတ်ရှုပါ ...
www.pandemicflu.gov
PandemicFlu
CLICK CLICK
ကူးစက်ရောဂါကပ်ဘယ်အချိန်မှာ ဆိုက်ရောက်
တတ်တယ်ဆိုတာ ဘယ်သူမှမသိကြဘူးနော်၊
ဟုတ်တယ်မဟုတ်လား?
ဟုတ်တယ်။ ဒါပေမယ့် တို့အခုကတည်းကကြိုတင်
ပြင်ဆင်ထားရင်၊ ကူးစက်ရောဂါကပ်ဆိုက်လာတဲ့အခါ
ရင်ဆိုင် ဖြတ်သန်းဖို့ပို အသင့်ဖြစ်တာပေါ့။
မေ့မသွားနဲ့ဦး၊ ဆိုးရွားတဲ့ကူးစက် ရောဂါကြီးရတဲ့သူထဲက
အများစုဟာ အသက်ရှင်ကျန်ရစ်ကြပါတယ်ဆိုတာလေ၊
မင်းရဲ့ အဖွားမာရီယာလိုပေါ့။

ဝေါဟာရအဓိပ္ပယ်–

အင်ဖလူယင်ဇာ (ဝါ) (တုပ်ကွေး)– တုပ်ကွေး ဗိုင်းရပ်စ်ပိုးကြောင့် နှာခေါင်း၊ လည်ချောင်း နှင့် အဆုပ်တို့တွင်ရှိနေဖြစ်ခြင်း။ တုပ်ကွေးသည်လူတဦးမှတဦးသို့ ကူးစက် နိုင်သည်။

ကူးစက်ကပ်ရောဂါ– တနေရာရာမှစတင် ဖြစ်ပွားပြီး ကမ္ဘာအရပ်ရပ်သို့ ကူးစက် ပြန့်နှံ့သွားတတ်သောရောဂါ။

ဗိုင်းရပ်စ်– မပြင်းထန်သော သာမန်အအေးမိ ရောဂါ သို့မဟုတ် ပြင်းထန်သောရောဂါ ဖြစ်စေသော ပိုးမွှားတမျိုး။ ပဋိဇီဝဆေးများဖြင့် ကုသ၍မရပါ။

အသိအမှတ်ပြုခြင်း

စီစဉ်ဖန်တီးသူ Public Health – Seattle & King County Advanced Practice Center

အကြောင်းအရာနောက်ခံနှင့်ဇာတ်လမ်းပြုစုသ Meredith Li-Vollmer နှင Matthew French

အနုလက်ရာ David Lasky (with an inking assist by Lin Lucas)

ငွေကြေးထောက်ပံ့သူ Cooperative Agreement Number U50/CCU302718 အရ Centers for Disease Control and Prevention (CDC) သ National Association of County & City Health Officials (NACCHO). ဇာတ်လမ်းအကြောင်းအရာ အားလုံး အတွက် စာရေးသူများတွင်သာ တာဝန်ရှိပါသည်၊ CDC သို့မဟုတ NACCHO တို့၏အမြင်ကိုကိုယ်စားပြုခြင်း မရှိပါ။

NACCHO
National Association of County & City Health Officials
The National Connection for Local Public Health

APC Advancing Public Health Preparedness Through Innovation
Advanced Practice Centers

Public Health
Seattle & King County